# စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
# စီမံကိန်းဦးစီးဌာန

# စိုက်ပျိုးစီးပွားသတင်းလွှာ

အမှတ်စဉ် ( ၂၈/ ၂၀၂၄) ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ(၁၉) ရက်

| ၁၉ - ၉ - ၂၀၂၄ | |
|---|---|
| ငွေကြေး အမျိုးအစား | ငွေလဲလှယ်နှုန်း (ကျပ်) |
| ဒေါ်လာ | ၂,၁၀၀.၀ |
| ယူရို | ၂,၃၄၄.၈ |
| စင်္ကာပူဒေါ်လာ | ၁,၆၂၆.၃ |
| စတာလင်ပေါင် | ၂,၇၈၅.၂ |
| ဂျပန်ယန်း (၁၀၀) | ၁,၄၇၁.၁ |
| တရုတ်ယွမ် | ၂၉၇.၃၁ |
| ဟောင်ကောင် ဒေါ်လာ | ၂၆၉.၅၃ |
| အိန္ဒိယရူပီး | ၂၅.၁၀၅ |
| ကိုရီးယားဝမ် (၁၀၀) | ၁၅၈.၀၉ |
| မလေးရှား ရင်းဂစ် | ၄၉၆.၉၂ |
| ဖိလစ်ပိုင်ပီဆို | ၃၇.၇၆၃ |
| ထိုင်းဘတ် | ၆၃.၄၁၅ |
| ဗီယက်နမ်ဒေါင် (၁၀၀) | ၈.၅၃၆၆ |


လယ်ယာစီးပွားနှင့်
ကုန်သွယ်မှုဌာနခွဲ
စီမံကိန်းဦးစီးဌာန
ရုံးအမှတ် (၁၅)
ဖုန်း-၀၆၇-၃၄၁၀၆၈၄
Email-
misdop.moali@gmail.com


## သတင်းခေါင်းစဉ်များ

- **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေထွက်ပစ္စည်းဆိုင်ရာသတင်းများ**

➢ ဆီအုန်းထုတ်ကုန်များ ပိုမိုယှဉ်ပြိုင်နိုင်မှုရှိစေရေး အင်ဒိုနီးရှားစိုက်ပျိုးသူများက အစိုးရမူဝါဒများ ပြုပြင်ပြောင်းလဲပေးရန် တောင်းဆို

➢ စားအုန်းဆီကြမ်း (crude palm oil –CPO) မှ လေယာဉ်ဆီထုတ်လုပ်ရန် မျှော် မှန်းထားသည့် အင်ဒိုနီးရှားနိုင်ငံ

➢ ဗီယက်နမ်နိုင်ငံမှ အုန်းသီးများ တရုတ်ဈေးကွက်သို့ ဝင်ရောက်ခွင့် ရရှိခဲ့

➢ ယူနန်ပြည်နယ်သည် တရုတ်နိုင်ငံ၏ ဒူးရင်းသီးတင်သွင်းမှုအတွက် ဒုတိယ အကြီးဆုံး ဝင်ပေါက်ဖြစ်လာ

➢ တရုတ်နိုင်ငံသည် အေးခဲထားသောသစ်သီးများ တင်သွင်းမှုအတွက် Quarantine ဆိုင်ရာလိုအပ်ချက်များကို ဖြေလျှော့လိုက်

➢ မိုးခေါင်ရေရှားမှုဒဏ်ခံနေရသော မာလာဝီနိုင်ငံသို့ လူသားချင်းစာနာ ထောက်ထားမှုအကူအညီအဖြစ် ဆန်တန်ချိန် ၁၀၀၀ အိန္ဒိယနိုင်ငံပေးပို့

➢ စိုက်ပျိုးရေးကုန်ကြမ်းများတွင် ဓာတုညစ်ညမ်းမှုကို ထိန်းချုပ်ရန်အရေး ကြီးကြောင်း အိန္ဒိယနိုင်ငံ စားနပ်ရိက္ခာဘေးကင်းလုံခြုံရေးနှင့် စံချိန်စံညွှန်း ဆိုင်ရာ အာဏာပိုင်အဖွဲ့ (FSSAI) အလေးပေးပြောကြား

➢ အိန္ဒိယနိုင်ငံတွင် ကြက်သွန်နီအပေါ် ပို့ကုန်ခွန် ၂၀ ရာခိုင်နှုန်းအထိ လျှော့ချကာ

➢ စားသုံးဆီများ တင်သွင်းမှုအတွက် အကောက်ခွန် ၂၀ ရာခိုင်နှုန်း တိုးမြှင့်

- အိန္ဒိယသည် ပြည်တွင်းဈေးကွက်ဖူလုံမှုရှိစေရန်နှင့် အီသနော‌ထုတ်လုပ်မှုမြှင့်တင်ရန်အတွက် သကြားတင်ပို့မှု တားမြစ်ချက်ကို သက်တမ်းတိုးနိုင်
- အိန္ဒိယသည် ဘာစမာတီဆန်အတွက် အနိမ့်ဆုံးပို့ကုန်တန်ဖိုးသတ်မှတ်ချက်အား ဖယ်ရှားလိုက်သောကြောင့် ပို့ကုန်သမားများအတွက် ဝယ်လိုအားတိုးလာ
- ရုရှားသည် အိန္ဒိယမှ ကော်ဖီ၊ လက်ဖက်ခြောက်နှင့် ဟင်းခတ်အမွှေးအကြိုင်များ တင်သွင်းမှု သုံးပုံတစ်ပုံတိုးလာ

- **အထွေထွေသတင်းများ**

- အိန္ဒိယသည် မလေးရှားနှင့် ကုန်သွယ်မှုလိုငွေပြနေသဖြင့် နှစ်နိုင်ငံကုန်သွယ်ရေး သဘောတူညီချက်ကို ပြန်လည်သုံးသပ်မည်
- ငွေကြေးဖောင်းပွမှုဆိုင်ရာ စိုးရိမ်မှုများရှိသော်လည်း အိန္ဒိယ၏စီးပွားရေးသည် ၇.၅% တိုးတက်မည်ဟု ဗဟိုဘဏ်ဥက္ကဋ္ဌ ခန့်မှန်း
- ရုရှားနိုင်ငံ၏ GDP တိုးတက်မှုသည် ၂၀၂၄ ခုနှစ်တွင် ၃.၉ ရာခိုင်နှုန်းရှိမည်ဟု ရုရှားဘဏ္ဍာရေးဝန်ကြီး ပြောကြား

## ဆီအုန်းထုတ်ကုန်များ ပိုမိုယှဉ်ပြိုင်နိုင်မှုရှိစေရေး အင်ဒိုနီးရှားစိုက်ပျိုးသူများက အစိုးရ မူဝါဒများ ပြုပြင်ပြောင်းလဲပေးရန် တောင်းဆို

အင်ဒိုနီးရှားစားအုန်းဆီအသင်း ဥက္ကဋ္ဌ Eddy Martono က “ကမ္ဘာ့ဈေးကွက်တွင် အင်ဒိုနီးရှားနိုင်ငံ၏ ဆီအုန်းထုတ်ကုန်များ ပိုမိုယှဉ်ပြိုင်နိုင်စွမ်းရှိစေရေးအတွက် အစိုးရ၏ မူဝါဒမှာ အရေးကြီးကြောင်း၊ နေကြာဆီကဲ့သို့ အခြားဟင်းသီးဟင်းရွက်ဆီ ဈေးနှုန်းထက် အင်ဒိုနီးရှား စားအုန်းဆီဈေးနှုန်းမှာ ဈေးပိုကြီးသည့်အတွက် အင်ဒိုနီးရှားဆီအုန်းထုတ်ကုန်များ အဓိကတင်ပို့လျက်ရှိသည့် တရုတ်နိုင်ငံက အင်ဒိုနီးရှားနိုင်ငံမှ တင်သွင်းမှုကို လျှော့ချခဲ့ကြောင်း၊ ဆီအုန်းဈေးနှုန်းမှာ အခြားဟင်းသီးဟင်းရွက်ဆီထက် ပိုဈေးကြီးသည့်အတွက် အင်ဒိုနီးရှားနိုင်ငံမှ တင်သွင်းမှုကို လျှော့ချပြီး ဟင်းသီးဟင်းရွက်ဆီကို ပိုမိုတင်သွင်းကြောင်း” တရုတ်နိုင်ငံသို့ အင်ဒိုနီးရှားနိုင်ငံ၏ ပို့ကုန်ကျဆင်းမှုနှင့်စပ်လျဉ်း၍ ပြန်လည်ရှင်းလင်းမှုတွင် ပြောကြားခဲ့ပါသည်။

“အစိုးရအနေဖြင့် ဆီအုန်းကဏ္ဍကို ကူညီထောက်ပံ့ရန်အတွက် ငွေကြေးမူဝါဒနည်းလမ်းကို အသုံးပြုနိုင်ကြောင်း၊ ဈေးနှုန်းကျဆင်းစေရန်အတွက် ဆောင်ရွက်နိုင်သည့် နည်းလမ်းများအနက် တစ်ခုမှာ အခွန်နှုန်းလျှော့ချပေးခြင်းဖြစ်ကြောင်း၊ ထိုသို့ပြုလုပ်ပေးခြင်းဖြင့် ဆီအုန်းဈေးနှုန်းများ ပိုမိုယှဉ်ပြိုင်မှုရှိလာမည်ဖြစ်ကြောင်း၊ ကမ္ဘာ့ဟင်းသီးဟင်းရွက်ဆီဈေးကွက်တွင် စားအုန်းဆီက ၅၀ ရာခိုင်နှုန်းကျော် ဈေးကွက်ပိုင်ဆိုင်ထားပါက ဈေးကွက်ကို ထိန်းချုပ်နိုင်မည်ဖြစ်ကြောင်း၊ အင်ဒိုနီးရှားနိုင်ငံ၏ ဆီအုန်းထုတ်ကုန်များသည် ဈေးကွက်ဝေစု ၅၀ ရာခိုင်နှုန်းကျော်ပိုင်ဆိုင်ထားပါက အင်ဒိုနီးရှားနိုင်ငံအနေဖြင့် ဈေးနှုန်းကို ထိန်းချုပ်နိုင်မည်ဖြစ်ပြီး နိုင်ငံအကျိုးရရှိစေရေး လိုသလိုဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ကမ္ဘာ့စားအုန်းဆီ ဈေးနှုန်းကို ရောင်းလိုအား၊ ဝယ်လိုအားနှင့် သတ်မှတ်လျက်ရှိပြီး ကမ္ဘာ့ဒုတိယအကြီးဆုံး ဆီအုန်းစိုက်ပျိုးသည့် မလေးရှားနိုင်ငံသည်လည်း ဈေးနှုန်းကို မသတ်မှတ်နိုင်ကြောင်း” Eddy Martono က ပြောကြားခဲ့ပါသည်။

Statistics Indonesia ၏ အချက်အလက်များအရ အင်ဒိုနီးရှာနိုင်ငံ၏ စားအုန်းဆီကြမ်းနှင့် ဆီအုန်းထုတ်ကုန် တင်ပို့မှုမှာ ၂၀၂၄ ခုနှစ်၊ ဇူလိုင်လတွင် တန်ချိန် ၁.၆၂ သန်းဖြစ်ပြီး ၂၀၂၃ ခုနှစ်၊ ဇူလိုင်လတွင် တင်ပို့မှုမှာ တန်ချိန် ၂.၇၅ သန်းဖြစ်ကြောင်း၊ တန်ဖိုးအားဖြင့် ၂၀၂၃ ခုနှစ်၊ ဇူလိုင်လတွင် အမေရိကန်ဒေါ်လာ ၂.၂၈ ဘီလီယံရရှိခဲ့ပြီး ၂၀၂၄ ခုနှစ်၊ ဇူလိုင်လတွင် အမေရိကန်ဒေါ်လာ ၁.၃၉ ဘီလီယံသာရရှိခဲ့ပါသည်။

Agribusiness & Trade

အင်ဒိုနီးရှားနိုင်ငံအနေဖြင့် ၎င်း၏ စီးပွားရေးအရ အားသာချက်ရရှိထားသည့်၊ အဓိက တင်ပို့ကုန်ဖြစ်သည့် ဆီအုန်းနှင့် ဆီအုန်းထုတ်ကုန်များဖြင့် ကမ္ဘာ့စျေးကွက်ကို လွှမ်းမိုးနိုင်ရေးဆောင်ရွက်လာနိုင်ကြောင်း သုံးသပ်တင်ပြအပ်ပါသည်။

သွယ်သွယ်ဆုတင်၊ စီးပွားရေးသံမှူး

စက်ာပူ

ရင်းမြစ်။ Indonesian Palm Oil Association

## စားအုန်းဆီကြမ်း (crude palm oil –CPO) မှ လေယာဉ်ဆီထုတ်လုပ်ရန် မျှော်မှန်းထားသည့် အင်ဒိုနီးရှားနိုင်ငံ

အင်ဒိုနီးရှားနိုင်ငံက နိုင်ငံတကာလေကြောင်းလိုင်းကဏ္ဍတွင် ကာဗွန်ဒိုင်အောက်ဆိုဒ်ထုတ်လွှတ်မှုကို လျှော့ချရန်အတွက် စားအုန်းဆီကြမ်း (crude palm oil –CPO) မှ ထွက်ရှိမည့် ဘိုင်အိုအီသနောအား လေယာဉ်ဆီ (Sustainable Aviation Fuel – SAF) ထုတ်လုပ်ရာတွင် ကုန်ကြမ်းအဖြစ် အသုံးပြုရန် မျှော်မှန်းလျက်ရှိပါသည်။

"ပတ်ဝန်းကျင်ထိခိုက်မှုကို လျှော့ချနိုင်သည့် အစိမ်းရောင်လေယာဉ်ဆီသည် ကမ္ဘာ့ကာဗွန်ထုတ်လွှတ်မှုလျှော့ချရေး ဦးတည်ချက်ကို ရောက်ရှိစေရေး ဆောင်ရွက်မှုတစ်ခုဖြစ်လာနိုင်ကြောင်း" စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဝန်ကြီးဌာန၏ အစားအသောက်နှင့် လယ်ယာစီးပွားရေး ညှိနှိုင်းရေးဌာန ဒုတိယတာဝန်ခံဖြစ်သူ Dida Gardera က "2024 ICAO APAC Regional Seminar on Environment" အလုပ်ရုံဆွေးနွေးပွဲတွင် ပြောကြားခဲ့ပါသည်။

အဆိုပါအလုပ်ရုံဆွေးနွေးပွဲတွင် ၎င်းက "အင်ဒိုနီးရှားနိုင်ငံသည် ကမ္ဘာ့တွင်အကြီးဆုံးလေကြောင်းလိုင်းဈေးကွက်ကို ပိုင်ဆိုင်ထားကြောင်း၊ လက်ရှိတွင် လေဆိပ်ပေါင်း ၂၅၁ ခုနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး လေဆိပ်အသစ် ၅၀ နှင့် ထပ်တိုးပူးပေါင်းဆောင်ရွက်ရန်ရှိကြောင်း၊ အင်ဒိုနီးရှားနိုင်ငံသည် ကမ္ဘာ့ဆီအုန်းထုတ်လုပ်မှုအများဆုံးနိုင်ငံဖြစ်ပြီး ၂၀၂၃ ခုနှစ်တွင် အသုံးပြုပြီး စားသုံးဆီ တန်ချိန် ၃.၉ သန်း ထုတ်လုပ်ခဲ့ကြောင်း၊ ၂၀၂၆ ခုနှစ်တွင် တစ်နှစ်လျှင် CPO မှ SAF လီတာ ၂၃၈ သန်းထုတ်လုပ်ရန် စီစဉ်ထားကြောင်း၊ SAF သည် သန့်ရှင်းသည့် စွမ်းအင်ဖြစ်ပြီး အစိမ်းရောင် ဖန်လုံအိမ်ဓာတ်ငွေ့ (greenhouse gas) ထုတ်လွှတ်မှုကို လျှော့ချနိုင်ကြောင်း၊ စီးပွားရေးအရ SAF ကို အသုံးပြုမှုတွင် ကုန်ကြမ်း ရရှိနိုင်မှု၊ ဈေးနှုန်းကြီးမြင့်မှု၊ အခြေခံအဆောက်အအုံ စသည်တို့

တွင် အကန့်အသတ်ရှိသည့်အတွက် စိန်ခေါ်မှုများရှိကြောင်း၊ SAF ကို အင်ဒိုနီးရှားနိုင်ငံတွင် ၂၀၂၀ ပြည့်နှစ်မှစတင်၍ စမ်းသပ်မှုများ ဆောင်ရွက်ခဲ့ပြီး လေယာဉ်များတွင် စမ်းသပ်မောင်းနှင်မှုများကို ဆောင်ရွက်ခဲ့ကြောင်း၊ နောက်ဆုံးအကြိမ် စမ်းသပ်မောင်းနှင်မှုကို Garuda Boeing 737-800 ဖြင့် ၂၀၂၃ ခုနှစ်၊ တတိယ ၃ လပတ်တွင် ပြုလုပ်ခဲ့ပြီး လောင်စာဆီသုံးလေယာဉ်ကဲ့သို့ပင် မောင်းနှင်နိုင်သည်ကို တွေ့ရှိခဲ့ကြောင်း၊ စားအုန်းဆီထုတ်လုပ်သည့် လုပ်ငန်းစဉ်မှ ထွက်ရှိသည့် Palm Kernel Expeller သည် SAF အတွက် ကုန်ကြမ်းပစ္စည်းအဖြစ် အသုံးပြုနိုင်သည့် ဘိုင်အိုအီသနော ထုတ်လုပ်နိုင်ရန်အလားအလာရှိကြောင်း” ပြောကြားခဲ့ပါသည်။

အင်ဒိုနီးရှားနိုင်ငံသည် ၎င်း၏ အားသာချက်ဖြစ်သည့် ဆီအုန်းစိုက်ပျိုးထုတ်လုပ်မှုကို အခြေခံ၍ စားအုန်းဆီအပြင် အခြားထုတ်ကုန်များကို ထုတ်လုပ်နိုင်ရန် ကြိုးစားအားထုတ်လျက်ရှိပါကြောင်း၊ SAF ထုတ်လုပ်နိုင်မှုသည် အနာဂတ်တွင် ပတ်ဝန်းကျင်ထိခိုက်မှုလျှော့ချရေး၊ ကာဗွန်ထုတ်လွှတ်မှုလျှော့ချရေးတို့အတွက် အလားအလာကောင်းတစ်ခုဖြစ်လာမည်ဖြစ်ကြောင်း၊ ဆီအုန်းစိုက်ပျိုးသည့်နိုင်ငံများအတွက် စီးပွားရေးအရ အလားအလာကောင်းများ ဖြစ်ပေါ်လာနိုင်ကြောင်း သုံးသပ်တင်ပြအပ်ပါသည်။

သွယ်သွယ်ဆုတင်၊ စီးပွားရေးသံမှူး

စက်ဘာပူ

ရင်းမြစ်။ Indonesian Palm Oil Association

................................................................................................................................

## ဗီယက်နမ်နိုင်ငံမှ အုန်းသီးများ တရုတ်စျေးကွက်သို့ ဝင်ရောက်ခွင့် ရရှိခဲ့

တရုတ်နိုင်ငံ၏ အကောက်ခွန်အထွေထွေအုပ်ချုပ်မှုအာဏာပိုင်အဖွဲ့သည် ပိုးမွှားကင်းရှင်းရေးဆိုင်ရာသတ်မှတ်ချက်များနှင့် ကိုက်ညီသည့် ဗီယက်နမ်နိုင်ငံမှ လတ်လတ်ဆတ်ဆတ် အုန်းသီးများကို တရုတ်နိုင်ငံသို့ တင်သွင်းခွင့်ပြုမည်ဟု ၎င်း၏ ဝက်ဘ်ဆိုဒ်၌ ကြေညာခဲ့ကြောင်း သိရှိရပါသည်။

ဗီယက်နမ်နိုင်ငံ၌ အုန်းသီးကို အလယ်ပိုင်းကမ်းရိုးတန်းပြည်နယ်များနှင့် မဲခေါင်မြစ်ဝကျွန်းပေါ်ဒေသများတွင် အဓိကစိုက်ပျိုးကြပြီး စိုက်ပျိုးဧရိယာ ဟက်တာ (၂၀၀,၀၀၀)နီးပါးနှင့် နှစ်စဉ်ထုတ်လုပ်မှု တန်ချိန်(၂)သန်းခန့်ရှိပြီး ကမ္ဘာပေါ်တွင် အဆင့် (၇)နေရာတွင်ရှိကြောင်း၊ ဗီယက်နမ်သည် အုန်းသီးကို အဓိကဈေးကွက်များဖြစ်သည့် ဥရောပ၊ အမေရိက၊ အရှေ့အလယ်ပိုင်း၊ ဂျပန်နှင့်

တောင်ကိုရီးယား အပါအဝင် နိုင်ငံနှင့် ဒေသပေါင်း (၉၀)သို့ တင်ပို့လျက်ရှိကြောင်း၊ ၂၀၂၃ ခုနှစ်တွင် ဗီယက်နမ်၏ လတ်လတ်ဆတ်ဆတ်အုန်းသီးနှင့် ဆက်စပ်ထုတ်ကုန်များ၏ စုစုပေါင်း ပို့ကုန်တန်ဖိုးသည် အမေရိကန်ဒေါ်လာ (၂၄၃)သန်းရှိခဲ့ကြောင်း သိရှိရပါသည်။

GACC ၏ ကြေညာချက်အရ ဗီယက်နမ်မှ အညွှာအရှည် (၅)စင်တီမီတာထက်မပိုသော အုန်းသီးစိမ်းနှင့် အခွံခွာထားသော အုန်းသီးများကို တင်သွင်းခွင့်ပြုထားကြောင်း၊ တရုတ်နိုင်ငံသည် ဗီယက်နမ်နိုင်ငံမှ တင်သွင်းမည့် လတ်လတ်ဆတ်ဆတ် အုန်းသီးများတွင် the spiraling whitefly (Aleurodicus dispersus)၊ white mango scale (Aulacaspis tubercularis)၊ coconut hispine beetle (Brontispa longissima)၊ rubber termite (Coptotermes curvignathus)၊ mealybug Dysmicoccus lepelleyi၊ gray pineapple mealybug (Dysmicoccus neobrevipes)၊ mango shield scale (Milviscutulus mangiferae)၊ coconut black-headed caterpillar (Opisina arenosella)၊ palm mealybug (Palmicultor palmarum)၊ coffee mealybug (Planococcus lilacinus)၊ red palm weevil (Rhynchophorus ferrugineus)၊ stellate scale (Vinsonia stellifera)၊ diplodia pod rot of cocoa (Lasiodiplodia theobromae)၊ white root disease of rubber (Rigidoporus microporus)၊ devil weed (Chromolaena odorata) နှင့် bitter vine (Mikania micrantha) အမျိုးအစား ပိုးမွှားစုစုပေါင်း (၁၆)မျိုးကို စိုးရိမ်ရသော ပိုးမွှားများအဖြစ် သတ်မှတ်ထားကြောင်း သိရှိရပါသည်။

တရုတ်နိုင်ငံသို့ လတ်လတ်ဆတ်ဆတ် အုန်းသီးများ တင်ပို့ရောင်းချမည့် ဥယျာဉ်ခြံများသည် ခြေရာခံသည့်စနစ်တစ်ခုကို ထားရှိ၍ ကောင်းမွန်သော စိုက်ပျိုးရေးအလေ့အကျင့်များနှင့် ပိုးမွှားစီမံခန့်ခွဲမှုနည်းပညာများကို လိုက်နာရမည်ဖြစ်ကြောင်း၊ တရုတ်နိုင်ငံသို့ တင်ပို့မည့် လတ်ဆတ်သော အုန်းသီးများတွင် အင်းဆက်ပိုးမွှားများ၊ ပုပ်နေသောအသီးများ၊ အကိုင်းအခက်များ၊ အရွက်များ၊ အမြစ်များနှင့် မြေဆီလွှာများ မရှိစေရန်အတွက် ထုပ်ပိုးခြင်းလုပ်ငန်းစဉ်တွင် ရောဂါရှိသော (သို့မဟုတ်) ပုံပျက်နေသော အသီးအနှံများကို ဖယ်ရှားခြင်း၊ ခွဲထုတ်ခြင်း၊ အမျိုးအစားခွဲခြင်းနှင့် သန့်ရှင်းရေးများ ပြုလုပ်ရမည်ဖြစ်ကြောင်း၊ ထို့အပြင် အဆိုပါ လတ်လတ်ဆတ်ဆတ်အုန်းသီးများသည် တရုတ်အာဏာပိုင်များ၏ သစ်သီးတင်သွင်းမှုအတွက် ခွင့်ပြုထားသော ဆိပ်ကမ်းများမှတစ်ဆင့် တရုတ်နိုင်ငံသို့ ဝင်ရောက်ရမည်ဖြစ်ကြောင်း သိရှိရပါသည်။

ကေခိုင်ကျော်၊ စီးပွားရေးသံမှူး

နန်နင်းမြို့

Source: https://www.producereport.com/article/fresh-vietnamese-coconuts-granted-china-market-access

Agribusiness & Trade

## ယူနန်ပြည်နယ်သည် တရုတ်နိုင်ငံ၏ ဒူးရင်းသီး တင်သွင်းမှုအတွက် ဒုတိယအကြီးဆုံး ဝင်ပေါက်ဖြစ်လာ

ယူနန်ပြည်နယ်မှ ဒူးရင်းသီးတင်သွင်းမှုသည် ယခုနှစ် ပထမနှစ်ဝက်တွင် မက်ထရစ်တန် (၁၅၁,၀၀၀) ရှိခဲ့ပြီး ၂၀၂၃ ခုနှစ်၊ အလားတူကာလထက် (၂၇.၆)ရာခိုင်နှုန်း မြင့်တက်လာခဲ့ကြောင်း၊ တစ်ချိန်တည်းတွင် သွင်းကုန်တန်ဖိုးသည် (၂၄.၃)ရာခိုင်နှုန်း မြင့်တက်ခဲ့ပြီး တရုတ်ယွမ် (၅.၀၃) ဘီလီယံ (အမေရိကန်ဒေါ်လာ ၇၀၇ သန်း)ရှိခဲ့ကာ တရုတ်နိုင်ငံ၏ ဒူးရင်းသီးတင်သွင်းမှု စုစုပေါင်း တန်ဖိုး၏ (၁၇.၈)ရာခိုင်နှုန်းရှိကြောင်း၊ ယခင်နှစ် ပထမနှစ်ဝက်တွင် ဒူးရင်းသီး တင်သွင်းမှုစုစုပေါင်း တန်ဖိုး၏ (၁၅.၂)ရာခိုင်နှုန်းသာ ရှိခဲ့ရာမှ ယခုကဲ့သို့ တိုးတက်လာခြင်းဖြစ်ကြောင်း၊ ဒူးရင်းသီး တင်သွင်းမှုပမာဏနှင့် တန်ဖိုးနှစ်ခုစလုံးသည် တရုတ်နိုင်ငံ၏ ပြည်နယ်များအကြားတွင် ဒုတိယနှင့် တရုတ်နိုင်ငံအနောက်ပိုင်းတွင် ပထမဖြစ်လာကြောင်း သိရှိရပါသည်။

၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလမှ ဇွန်လအတွင်း ယူနန်ပြည်နယ်သည် ထိုင်းနိုင်ငံမှ ဒူးရင်းသီး မက်ထရစ်တန် (၈၂,၀၀၀) တင်သွင်းခဲ့ပြီး စုစုပေါင်းတန်ဖိုးမှာ ယွမ် (၃.၄၃)ဘီလီယံ (အမေရိကန် ဒေါ်လာ ၄၈၂ သန်း)ရှိကြောင်း၊ ဤပမာဏသည် တရုတ်နိုင်ငံသို့ ထိုင်းဒူးရင်း တင်သွင်းမှုအားလုံး၏ (၁၆.၉) ရာခိုင်နှုန်းရှိပြီး ကွမ်တုန်းပြည်နယ်ပြီးလျှင် ဒုတိယမြောက်အများဆုံးဖြစ်ကြောင်း၊ တစ်ချိန်တည်း တွင် ဗီယက်နမ်မှ ဒူးရင်းသီး တင်သွင်းမှုသည် စုစုပေါင်း မက်ထရစ်တန် (၅၉,၀၀၀) ရှိကာ တန်ဖိုး ယွမ် (၁.၆)ဘီလီယံ(အမေရိကန်ဒေါ်လာ ၂၂၅ သန်း)ရှိပြီး တရုတ်နိုင်ငံသို့ ဗီယက်နမ်မှ ဒူးရင်းသီး တင်သွင်းမှုစုစုပေါင်း၏ (၂၀.၃)ရာခိုင်နှုန်းဖြင့် ပထမအဆင့်တွင်ရှိကြောင်း၊ ရထားလမ်း၊ ကားလမ်း နှင့် မြစ်ကြောင်းသယ်ယူပို့ဆောင်ရေးကဲ့သို့သော သယ်ယူပို့ဆောင်ရေးပုံစံအမျိုးမျိုးသည် ယူနန်ပြည် နယ်၏ ဒူးရင်းသီးတင်သွင်းမှု အရှိန်အဟုန်ဖြင့် တိုးတက်မှုကို အထောက်အကူဖြစ်စေကြောင်း သိရှိရ ပါသည်။

တရုတ်-လာအို ရထားလမ်း စတင်ဖွင့်လှစ်ပြီးကတည်းက ယူနန်ပြည်နယ်၏ ဒူးရင်းသီး တင် သွင်းမှုသည် သိသိသာသာတိုးတက်လာခဲ့ကြောင်း၊ အကောက်ခွန်အချက်အလက်များအရ ရထား လမ်းကြောင်းမစတင်မီ ၂၀၂၁ ခုနှစ်တွင် ယူနန်ပြည်နယ်၏ ဒူးရင်းသီးတင်သွင်းမှုသည် တရုတ်တစ် နိုင်ငံလုံးစုစုပေါင်း၏ (၇.၇)ရာခိုင်နှုန်းသာရှိပြီး တရုတ်နိုင်ငံတွင် အဆင့်(၅)နေရာတွင် ရှိကြောင်း သိရှိရပါသည်။

Agribusiness & Trade

ရထားလမ်းစတင်ဖွင့်လှစ်ပြီးနောက် ၂၀၂၂ ခုနှစ်တွင် ယူနန်ပြည်နယ်၏ ဒူးရင်းသီး တင်သွင်းမှုသည် တစ်နိုင်ငံလုံး၏ (၁၄.၄)ရာခိုင်နှုန်းရှိ၍ နှစ်ဆနီးပါးတိုးလာပြီး တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဒုတိယနေရာသို့ ရောက်ရှိလာခဲ့ကြောင်း၊ တရုတ်-လာအို ရထားလမ်းကြောင်းတွင် ပြေးဆွဲနေသည့် Lancang-Mekong Express ကုန်စည်ရထားသည် ထိုင်းဒူးရင်းသီး အမြောက်အမြားကို တရုတ်နိုင်ငံသို့ ပို့ဆောင်ပေးကာ ယူနန်ပြည်နယ် မိုဟန်ဆိပ်ကမ်းသည် တရုတ်ဈေးကွက်သို့ သစ်သီးများဝင်ပေါက်အဖြစ် ဆောင်ရွက်လျက်ရှိကြောင်း၊ ယခုနှစ် ပထမနှစ်ဝက်တွင် တရုတ်-လာအို မီးရထားလမ်းမှတစ်ဆင့် ဒူးရင်းသီးတန်ချိန် (၆၀,၀၀၀)သယ်ဆောင်ခဲ့ပြီး ၂၀၂၃ ခုနှစ်ထက် (၁၁၅.၄)ရာခိုင်နှုန်း တိုးလာခဲ့ကြောင်း၊ သွင်းကုန်တန်ဖိုးမှာ ယွမ်ငွေ (၂.၂၈)ဘီလီယံ (အမေရိကန် ဒေါ်လာသန်း ၃၂၀) ရှိကာ အလားတူကာလထက် (၁၄၀.၉)ရာခိုင်နှုန်း တိုးလာခဲ့ကြောင်း သိရှိရပါသည်။

ထို့အပြင် ယူနန်ပြည်နယ်တွင် တည်ရှိသည့် တရုတ်-ဗီယက်နမ်နယ်စပ်ရှိ အဓိကကုန်းလမ်းဖြစ်သည့် Hekou နယ်စပ်ဂိတ်မှတစ်ဆင့် ဗီယက်နမ်ဒူးရင်းသီးအမြောက်အများကို တရုတ်နိုင်ငံသို့ တင်သွင်းလျက်ရှိကြောင်း၊ ပြီးခဲ့သည့် (၂)နှစ်အတွင်း Hekou ဂိတ်မှတစ်ဆင့် ဗီယက်နမ်ဒူးရင်းသီး တင်သွင်းမှုသည် သိသိသာသာ တိုးတက်လာခဲ့ကြောင်း၊ ၂၀၂၂ ခုနှစ်၊ ဇူလိုင်လတွင် တရုတ်နိုင်ငံ၏ အကောက်ခွန်အထွေထွေအုပ်ချုပ်မှုအာဏာပိုင်အဖွဲ့သည် ဗီယက်နမ်ဒူးရင်းသီး လတ်လတ်ဆတ်ဆတ်များကို ဈေးကွက်သို့ တရားဝင် ဝင်ရောက်ခွင့်ပြုခဲ့ပြီး ပထမအသုတ်ကို ထိုနှစ်အောက်တိုဘာလတွင် Hekou ဂိတ်မှတစ်ဆင့် တင်သွင်းခဲ့ကြောင်း သိရှိရပါသည်။

အဆိုပါဂိတ်သည် ၎င်း၏တည်နေရာအားသာချက်ကြောင့် တရုတ်နိုင်ငံ၏ ဒူးရင်းသီးတင်သွင်းမှု အများဆုံးနေရာတစ်ခုဖြစ်လာကြောင်း၊ ယူနန်ပြည်နယ်သည် ယခုနှစ် ပထမနှစ်ဝက်တွင် ဗီယက်နမ်ဒူးရင်းသီး မက်ထရစ်တန်ချိန်(၅၉,၀၀၀) တင်သွင်းခဲ့ပြီး ၂၀၂၃ ခုနှစ်ထက် (၂၇၀.၇) ရာခိုင်နှုန်းတိုးလာကာ စုစုပေါင်း တင်သွင်းမှုတန်ဖိုး ယွမ် (၁.၆)ဘီလီယံ(အမေရိကန်ဒေါ်လာ ၂၂၅ သန်း) ရှိပြီး တစ်နှစ်ထက်တစ်နှစ် (၂၅၀.၉)ရာခိုင်နှုန်း မြင့်တက်လာခဲ့ကြောင်း သိရှိရပါသည်။

တရုတ်နိုင်ငံအတွင်းသို့ တင်သွင်းမည့် သစ်သီးများအတွက် မကြာသေးမီက ခွင့်ပြုခဲ့သော ယူနန်ပြည်နယ် Guanlei မြစ်ဆိပ်ကမ်းသည် လန်ချန်း-မဲခေါင်မြစ်တစ်လျှောက်မှ ဒူးရင်းသီးများ တင်သွင်းရာတွင် အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်ကြောင်း၊ အဆိုပါ ဆိပ်ကမ်းသည် ယူနန်ပြည်နယ်သို့ ရေကြောင်းမှ တင်သွင်းသည့် သစ်သီးဝလံများကို စစ်ဆေးရန်သတ်မှတ်ထားသော တစ်ခုတည်းသော စစ်ဆေးရေးနေရာဖြစ်ကြောင်း သိရှိရပါသည်။

Agribusiness & Trade

ရေလမ်းဖြင့် ပထမဆုံးတင်ပို့သည့် ဒူးရင်းသီးများသည် ထိုင်းနိုင်ငံ ချင်းဆန်ဆိပ်ကမ်းမှ မြစ်အထက်ပိုင်းသို့ ဆန်တက်လာပြီး Guanlei ဆိပ်ကမ်းသို့ (၂)ရက်အကြာတွင် ရောက်ရှိလာခဲ့ကြောင်း၊ Guanlei ဆိပ်ကမ်းမှတစ်ဆင့် တင်သွင်းလာသော သစ်သီးဝလံအများစုမှာ ထိုင်းနှင့် အခြားအာဆီယံနိုင်ငံများမှ ထွက်ရှိသော ဒူးရင်းသီး၊ မင်းဂွတ်သီးနှင့် လောင်ဂန်သီးများဖြစ်ကြောင်း၊ ဤဆိပ်ကမ်းမှတစ်ဆင့် သစ်သီးတင်သွင်းမှုသည် ၂၀၂၅ ခုနှစ်တွင် မက်ထရစ်တန် (၁၅၀,၀၀၀)နှင့် ၂၀၃၀ ပြည့်နှစ်တွင် မက်ထရစ်တန် (၃၀၀,၀၀၀)သို့ရောက်ရှိရန် ခန့်မှန်းထားကြောင်း သိရှိရပါသည်။

ကောခိုင်ကျော်၊ စီးပွားရေးသံမှူး

နန်နင်းမြို့

Source: [https://www.producereport.com/article/yunnan-booms-chinas-second-largest-gateway-durian-imports](https://www.producereport.com/article/yunnan-booms-chinas-second-largest-gateway-durian-imports)

..........................................................................................................

## တရုတ်နိုင်ငံသည် အေးခဲထားသော သစ်သီးများ တင်သွင်းမှုအတွက် Quarantine ဆိုင်ရာလိုအပ်ချက်များကို ဖြေလျှော့လိုက်

တရုတ်နိုင်ငံအကောက်ခွန်အထွေထွေအုပ်ချုပ်မှုအာဏာပိုင်အဖွဲ့အောက်ရှိ The Bureau of Import and Export Food Safety သည် ၎င်း၏ "National Food Catalogues of Traditional Trade & Meet the Requirements of Export to China" စနစ်တွင် အေးခဲသစ်သီးများ တင်သွင်းမှုအတွက် လိုအပ်ချက်များကို ပြောင်းလဲဖြေလျှော့ပေးခဲ့ကြောင်း၊ မကြာသေးမီက အသစ်ထပ်မံပြင်ဆင်လိုက်သည့် အချက်အလက်များအရ အေးခဲထားသော သစ်သီးထုတ်ကုန်များအတွက် quarantine access management မလိုအပ်တော့ကြောင်း သိရှိရပါသည်။

အေးခဲသစ်သီးဝလံများ တင်သွင်းရာတွင် Quarantine ဆိုင်ရာလိုအပ်ချက်များကို အပြည့်အဝဖြေလျှော့ပေးလိုက်သဖြင့် အေးခဲသစ်သီးများအတွက် ပုံမှန် Quarantine စစ်ဆေးမှုလုပ်ငန်းစဉ်များ မလိုအပ်တော့ဘဲ တရုတ်ဈေးကွက်သို့ ဝင်ရောက်နိုင်ပြီဖြစ်ကြောင်း သိရှိရပါသည်။

တရုတ်နိုင်ငံ၏ သွင်းကုန်စာရင်း(import catalog)ထဲရှိ အပင်အခြေခံ အစားအစာများ၏ update စာရင်းတွင် အေးခဲထားသော သစ်သီးအမျိုးအစား မပါဝင်တော့ကြောင်း၊ ဥပမာအားဖြင့် အွန်လိုင်းမေးမြန်းမှုစနစ်တွင် "အေးခဲထားသောဒူးရင်းသီး"ကို ရှာဖွေပါက ၎င်းနှင့်သက်ဆိုင်သည့် အချက်အလက်များကို ဖော်ပြထားတော့မည်မဟုတ်ကြောင်း၊ ဆိုလိုသည်မှာ အေးခဲထားသော

ဒူးရင်းသီးများကို ယခုအခါ quarantine requirement များ မလိုအပ်ဘဲ တရုတ်စျေးကွက်သို့ တင်သွင်းနိုင်ပြီဖြစ်ပြီး အခြားအေးခဲထားသော သစ်သီးဝလံများလည်း အတူတူပင်ဖြစ်ကြောင်း ဖော်ပြထားပါသည်။

တရုတ်နိုင်ငံအကောက်ခွန်အထွေထွေအုပ်ချုပ်မှုအာဏာပိုင်အဖွဲ့မှ အေးခဲထားသော သစ်သီးများဆိုသည်မှာ စားသုံး၍မရသော အခွံများနှင့် အစေ့များကို ဖယ်ရှားထားသည့် သစ်သီးဝလံများဖြစ်ပြီး အပူချိန် အနှုတ် (၁၈)ဒီဂရီစင်တီဂရိတ် (သို့မဟုတ်) ၎င်းအပူချိန်နှင့်အောက်ကို အနည်းဆုံး မိနစ်(၃၀)အေးခဲထားရမည်ဖြစ်ပြီး သိုလှောင်သိမ်းဆည်းစဉ်နှင့် သယ်ယူပို့ဆောင်စဉ် တစ်လျှောက်လုံး အပူချိန်အနုတ် (၁၈)ဒီဂရီစင်တီဂရိတ်အောက်တွင် ထိန်းသိမ်းထားရမည်ဖြစ်ကြောင်းနှင့် "Code of Practice for the Processing and Handling of Quick Frozen Foods" (CAC/RCP 8-1976)နှင့် ကိုက်ညီရမည်ဖြစ်ကြောင်း သတ်မှတ်ထားသည်ဟု သိရှိရပါသည်။

အေးခဲထားသော သစ်သီးဝလံများသည် တရုတ်နိုင်ငံသို့ တင်သွင်းရန်အတွက် quarantine ခွင့်ပြုချက် (သို့မဟုတ်) ဝင်ခွင့်ပါမစ်များ မလိုအပ်တော့သော်လည်း တင်ပို့သည့်နိုင်ငံရှိ ထုတ်လုပ်သည့်စက်ရုံများနှင့် အမြန်အေးခဲသည့်ပစ္စည်းများကို သက်ဆိုင်ရာနိုင်ငံရှိ အာဏာပိုင်များထံ မှတ်ပုံတင်ထားရမည်ဖြစ်ကြောင်း၊ ထိုသို့မှတ်ပုံတင်ခြင်းကို တရုတ်နိုင်ငံအကောက်ခွန်အထွေထွေ အုပ်ချုပ်မှုအာဏာပိုင်အဖွဲ့(GACC)ထံသို့ ဆက်လက်ပေးပို့ရမည်ဖြစ်ပြီး နှစ်ဖက်စလုံးမှ ပြန်လည်သုံးသပ်ပြီး အတည်ပြုချက်ရယူရမည်ဖြစ်ကြောင်း၊ အေးခဲခြင်းနှင့် အအေးခန်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းစဉ်များကို တင်ပို့သည့်နိုင်ငံရှိတရားဝင်အာဏာပိုင်များ၏ ကြီးကြပ်မှုအောက်တွင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း သိရှိရပါသည်။

ကေခိုင်ကျော်၊ စီးပွားရေးသံမှူး

နန်နင်းမြို့

Source: [https://www.producereport.com/article/china-lifts-quarantine-requirements-frozen-fruit-imports](https://www.producereport.com/article/china-lifts-quarantine-requirements-frozen-fruit-imports)

……………………………………………………………………………………………….

## မိုးခေါင်ရေရှားမှုဒဏ်ခံနေရသော မာလာဝီနိုင်ငံသို့ လူသားချင်းစာနာ ထောက်ထားမှုအကူအညီ အဖြစ် ဆန်တန်ချိန် ၁၀၀၀ အိန္ဒိယနိုင်ငံပေးပို့

အိန္ဒိယနိုင်ငံသည် မိုးခေါင်ရေရှားမှုဒဏ်ခံနေရသော မာလာဝီနိုင်ငံသို့ လူသားချင်းစာနာထောက်ထားမှုအကူအညီ၏ တစ်စိတ်တစ်ပိုင်းအဖြစ် ဆန်မက်ထရစ်တန် ၁၀၀၀ ပေးပို့ခဲ့ကြောင်း သိရသည်။

အရှေ့တောင်အာရှနိုင်ငံတစ်ခုဖြစ်သော မာလာဝီနိုင်ငံသည် ကောက်ပဲသီးနှံများ ကျယ်ကျယ်ပြန့်ပြန့် ပျက်စီးစေကာ အစားအစာထုတ်လုပ်မှုကို ထိခိုက်စေသည့် ပူပြင်းခြောက်သွေ့သော အရိပ်လက္ခဏာများအောက်တွင် ရုန်းကန်လှုပ်ရှားနေရကြောင်း သိရသည်။

"မာလာဝီပြည်သူတွေနှင့် စည်းလုံးညီညွတ်စွာရှိရေး လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီဖြစ်ပါတယ်။ အယ်နီညိုဖြစ်စဉ်ကြောင့် ပြင်းထန်သော မိုးခေါင်ရေရှားမှုဒဏ်၏ အကျိုးဆက်တွေကို ဖြေရှင်းဖို့အတွက် ယနေ့ ဆန်မက်ထရစ်တန် ၁၀၀၀ ကို မာလာဝီနိုင်ငံသို့ ပို့ဆောင်ခဲ့ပါတယ်။" ဟု အိန္ဒိယပြည်ပရေးရာဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ Randhir Jaiswal က ယခုလ ၇ ရက်နေ့တွင် 'X' လူမှုကွန်ယက်၌ ဖော်ပြပြောကြားခဲ့သည်။

ယခုနှစ် မတ်လတွင် မာလာဝီအစိုးရသည် နိုင်ငံ၏ ခရိုင် ၂၈ ခုအနက် ၂၃ ခုတွင် မိုးခေါင်ရေရှားမှုများ ဖြစ်ပွားခဲ့ပြီးနောက် သဘာဝဘေးအန္တရာယ်အခြေအနေ ထုတ်ပြန်ကြေညာခဲ့သည်။ ပူးပြင်းခြောက်သွေ့သော ရာသီဥတုအခြေအနေကြောင့် နိုင်ငံ၏ စားနပ်ရိက္ခာထောက်ပံ့မှုကို ဆိုးရွားစွာ ထိခိုက်စေခဲ့ကြောင်း သိရသည်။

သို့ပါ၍ ပြည်တွင်း၌ ဆန်လုံလောက်မှုရှိရန်နှင့် ဈေးနှုန်းတည်ငြိမ်မှုရှိစေရန်အတွက် ပြည်ပသို့ ဆန်ဖြူတင်ပို့မှု ပိတ်ပင်ကန့်သတ်ထားသော အိန္ဒိယနိုင်ငံအနေဖြင့် ယခုကဲ့သို့ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ကိစ္စရပ်များအား မကြာခဏဆိုသလို ဆောင်ရွက်လေ့ရှိပါသည်။ ဆန်ကို အိမ်နီးချင်းနှင့် မိတ်ဆွေနိုင်ငံများသို့ အစိုးရအချင်းချင်းအစီအစဉ်ဖြင့် ရောင်းချပေးခြင်း၊ ကူညီထောက်ပံ့မှုများ ဆောင်ရွက်ပေးခြင်းတို့ ပြုလုပ်လေ့ရှိကြောင်း သိရှိနိုင်ပါရန် တင်ပြအပ်ပါသည်။

ကောင်းထွဋ်အောင်၊ စီးပွားရေးသံမှူး

ကော်လ်ကတ္တား

ရည်ညွှန်း။ The Hindu Businessline: India sends 1,000 MT rice to drought-hit Malawi, September 8, 2024

……………………………………………………………………………………………………

Agribusiness & Trade

## စိုက်ပျိုးရေးကုန်ကြမ်းများတွင် ဓာတုညစ်ညမ်းမှုကို ထိန်းချုပ်ရန် အရေးကြီးကြောင်း အိန္ဒိယနိုင်ငံ စားနပ်ရိက္ခာဘေးကင်းလုံခြုံရေးနှင့် စံချိန်စံညွှန်းဆိုင်ရာ အာဏာပိုင်အဖွဲ့ (FSSAI) အလေးပေးပြောကြား

အိန္ဒိယနိုင်ငံ စားနပ်ရိက္ခာဘေးကင်းလုံခြုံရေးနှင့် စံချိန်စံညွှန်းဆိုင်ရာ အာဏာပိုင်အဖွဲ့ (The Food Safety and Standards Authority of India- FSSAI) ၏ အမှုဆောင်ဒါရိုက်တာ Inoshi Sharma က ကောက်ပဲသီးနှံများ၊ သစ်သီးများနှင့် ဟင်းခတ်အမွှေးအကြိုင်များတွင် အများဆုံးခါတ်ကြွင်းပါဝင်မှုအဆင့်များ (Maximum Residue Levels) ကို ပြဋ္ဌာန်းရန်၊ ပုံမှန်စစ်ဆေးမှုများ ပြုလုပ်ရန်နှင့် ပိုးသတ်ဆေးအလွန်အကျွံသုံးစွဲခြင်း၏ အန္တရာယ်များကို ဝယ်ယူသူများအား အသိပညာပေးရန် တောင်းဆိုခဲ့သည်။ စားသောက်ကုန်ကဏ္ဍ တိုးတက်မှုအတွက် စိုက်ပျိုးရေးကုန်ကြမ်းများတွင် ဓာတုညစ်ညမ်းမှုကို ထိန်းချုပ်ရန် အရေးကြီးကြောင်း FSSAI က မကြာသေးမီက မီးမောင်းထိုးပြခဲ့ကြောင်း The Hindu Businessline သတင်းဌာနက ယခုလ ၇ ရက်က ဖော်ပြသည်။

ကော်လ်ကတ္တား စားနပ်ရိက္ခာ ဘေးကင်းလုံခြုံရေးနှင့် စံချိန်စံညွှန်းဆိုင်ရာ အာဏာပိုင်အဖွဲ့ (Kolkata-FSSAI) က စိုက်ပျိုးရေးကုန်ကြမ်းများတွင် ဓာတုညစ်ညမ်းမှုကို ထိန်းချုပ်ခြင်းသည် စားသောက်ကုန်ကဏ္ဍကို မြှင့်တင်ရန် မရှိမဖြစ်လိုအပ်ကြောင်း စက်တင်ဘာလ ၅ ရက်နေ့က အခိုင်အမာ ပြောကြားခဲ့သည်။

FSSAI အမှုဆောင်ဒါရိုက်တာ Inoshi Sharma က ကောက်ပဲသီးနှံများ၊ သစ်သီးများနှင့် ဟင်းခတ်အမွှေးအကြိုင်များတွင် အများဆုံးခါတ်ကြွင်းပါဝင်မှုအဆင့်များ (MRLs) ကို ပြဋ္ဌာန်းခြင်းသည် သိသာထင်ရှားသော စိန်ခေါ်မှုတစ်ရပ်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဘာရက်ကုန်သည်စက်မှုအသင်း (Bharat Chamber of Commerce) မှ စီစဉ်ကျင်းပသည့် အခမ်းအနားတစ်ခုတွင် ပုံမှန်စစ်ဆေးမှုများပြုလုပ်ရန်၊ သတ်မှတ်စည်းမျဉ်းစည်းကမ်းများနှင့် ကိုက်ညီမှုမရှိသော ထုတ်ကုန်များကို လယ်ယာလုပ်ငန်းခွင်မှ စတင်ထွက်ရှိလာချိန်၌ပင် ငြင်းပယ်မှုပြုရန် လိုအပ်ကြောင်း ၎င်းက အလေးပေးပြောကြားခဲ့သည်။

Sharma သည် ပိုးသတ်ဆေးများ အလွန်အကျွံသုံးစွဲခြင်းကြောင့် စိုက်ပျိုးရေးကုန်ကြမ်းများတွင် ညစ်ညမ်းမှုဖြစ်စေနိုင်သည့် ဆိုးကျိုးများအကြောင်း ဝယ်ယူသူများအား အသိပညာပေးခြင်း၏ အရေးပါမှုကိုလည်း အလေးပေးဖော်ပြခဲ့သည်။ အဆိုပါကိစ္စကို ဖြေရှင်းဆောင်ရွက်ရန် ဝန်ကြီးဌာန

Agribusiness & Trade

အသီးသီးမှ ကိုယ်စားလှယ်များပါဝင်သော ကော်မတီတစ်ရပ် ဖွဲ့စည်းသွားရန် အစီအစဉ်ရှိကြောင်း ၎င်းက ထုတ်ပြန်ကြေညာခဲ့သည်။

ထို့အပြင် Sharma က တိကျသော ကုန်ပစ္စည်းအညွှန်း အမှတ်အသားဖော်ပြရန် လိုအပ်ကြောင်း၊ စားသောက်ကုန်လုပ်ငန်းအဖွဲ့အစည်းများ (Food Business Organizations-FBOs) အနေဖြင့် စားသုံးသူများ အထင်အမြင်လွဲမှားစေသော ဖော်ပြချက်များကို ရှောင်ရှားရန် လိုအပ်ကြောင်း အလေးပေးပြောကြားခဲ့သည်။ ၎င်းအနေဖြင့် FBOs များအကြားတွင် 'ကိုယ်တိုင် ကိုက်ညီမှုရှိခြင်း (Self-Compliance)' ဆိုင်ရာ ယဉ်ကျေးမှုရှိရေးကို ထောက်ခံအားပေးပြီး စံချိန်စံညွှန်းများကို လိုက်နာမှုရှိစေရန်အတွက် လက်မှတ်ရ third parties ကို ခန့်အပ်ရန်လည်း အကြံပြုပြောကြားခဲ့သည်။

Bharat Chamber မှ အကြီးတန်း ဒုတိယဥက္ကဋ္ဌ Naresh Pachisia က သီးနှံများထုတ်လုပ်စဉ်က အသုံးပြုသည့် ဓာတုဓါတ်ကြွင်းများကို ရှာဖွေတွေ့ရှိခြင်းကြောင့် အစားအသောက်ပြုပြင်ထုတ်လုပ်သူများအတွက် နစ်နာဆုံးရှုံးမှုများ မကြာခဏဖြစ်ပေါ်စေပြီး၊ ကိစ္စအများအပြားတွင် ပြုပြင်ထားသော အစားအသောက်များပြည်ပသို့ တင်ပို့ရောင်းချမှုကို ဖျက်သိမ်းခံရခြင်းမျိုး တွေ့ကြုံရလေ့ရှိကြောင်း ထောက်ပြပြောကြားခဲ့သည်။ စိုက်ပျိုးရေးနှင့် လယ်ယာလုပ်ငန်းခွင်များနှင့် ရိတ်သိမ်းချိန်လွန် လုပ်ငန်းစဉ်များတွင် အသုံးပြုသည့် ဓာတုပစ္စည်းများနှင့် ပတ်သက်၍ အသိပညာရှိမှုနှင့် သတိထားသုံးစွဲမှု တိုးမြင့်လာစေရန် ၎င်းက တောင်းဆိုခဲ့သည်။

သို့ပါ၍ အိန္ဒိယနိုင်ငံတွင် စားနပ်ရိက္ခာဘေးကင်းလုံခြုံရေးနှင့် စံချိန်စံညွှန်းဆိုင်ရာ အာဏာပိုင်အဖွဲ့ (FSSAI) အနေဖြင့် လယ်ယာစိုက်ပျိုးရေးထုတ်ကုန်များတွင် ပိုးသတ်ဆေးနှင့် ဓါတုဓါတ်ကြွင်းများပါဝင်မှုကို ထိန်းချုပ်ရန်နှင့် အသိပညာပေးရန် အလေးထားဆောင်ရွက်လျက်ရှိကြောင်းနှင့် မြန်မာနိုင်ငံမှ လယ်ယာစိုက်ပျိုးရေးထုတ်ကုန်များနှင့် ပြုပြင်ပြီးစားသောက်ကုန်များကို အိန္ဒိယနိုင်ငံသို့ တင်သွင်းမည်ဆိုပါက စားနပ်ရိက္ခာဘေးကင်းလုံခြုံရေးနှင့် စံချိန်စံညွှန်းဆိုင်ရာ သတ်မှတ်ချက်များနှင့် ကိုက်ညီမှုရှိရန်နှင့် ထုတ်ကုန်ပစ္စည်း အညွှန်းအမှတ်အသားများကိုလည်း တိကျစွာဖော်ပြရန် လိုအပ် ကြောင်း သိရှိနိုင်ပါရန် တင်ပြအပ်ပါသည်။

ကောင်းထွဋ်အောင်၊ စီးပွားရေးသံမှူး

ကော်လ်ကတ္တား

ရည်ညွှန်း။ The Hindu Businessline: FSSAI stresses importance of controlling chemical contamination in agricultural raw materials, September 7, 2024

……………………………………………………………………………………………………

## အိန္ဒိယနိုင်ငံတွင် ကြက်သွန်နီအပေါ် ပို့ကုန်ခွန် ၂၀ ရာခိုင်နှုန်းအထိ လျှော့ချကာ စားသုံးဆီများ တင်သွင်းမှုအတွက် အကောက်ခွန် ၂၀ ရာခိုင်နှုန်း တိုးမြှင့်

အိန္ဒိယဗဟိုအစိုးရသည် ယခုလ ၁၃ ရက်နေ့က ကြက်သွန်နီအပေါ် ပို့ကုန်ခွန်ကို ၂၀ ရာခိုင်နှုန်းအထိ လျှော့ချကာ စားသုံးဆီများတင်သွင်းမှုအတွက် အကောက်ခွန် ၂၀ ရာခိုင်နှုန်း တိုးမြှင့်ခဲ့ကြောင်း The Hindu Businessline သတင်းဌာနက ယခုလ ၁၄ ရက်က ဖော်ပြသည်။

အိန္ဒိယနိုင်ငံတွင် မကြာမီ ခါရစ် (မိုး) သီးနှံများ ရိတ်သိမ်းချိန် ရောက်ရှိလာတော့မည်ဖြစ်ပြီး၊ ယင်းမတိုင်မီ အဆိုပါဆုံးဖြတ်ချက်များ အချိန်ကိုက် ထွက်ပေါ်လာခဲ့ခြင်းဖြစ်သည်။ အိန္ဒိယ ပြည်ထဲရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Amit Shah ဦးဆောင်သော ဈေးနှုန်းများဆိုင်ရာ အစိုးရအဖွဲ့ကော်မတီက ယခုလ ၁၁ ရက် (ဗုဒ္ဓဟူးနေ့) တွင် အဆိုပါ ဆုံးဖြတ်ချက်များအား ချမှတ်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ကြက်သွန်နီအပေါ် စည်းကြပ်ကောက်ခံသော ပို့ကုန်ခွန်ကို ၄၀ ရာခိုင်နှုန်းမှ ထက်ဝက်သို့ လျှော့ချရန် ဗဟိုအစိုးရမှ ယခုလ (၁၃) ရက် (သောကြာနေ့) ညနေပိုင်းတွင် အမိန့်ကြေညာချက် ထုတ်ပြန်ခဲ့သည်။ ယင်းမတိုင်ခင် တစ်ရက်က ကြက်သွန်နီတင်ပို့မှုအပေါ် သတ်မှတ်ထားသော အနိမ့်ဆုံးပို့ကုန်ဈေးနှုန်း (MEP)၊ တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၅၅၀ သတ်မှတ်ချက်အား ဖယ်ရှားခဲ့ကြောင်း သိရသည်။

အိန္ဒိယအစိုးရသည် သီးခြားအမိန့်ကြော်ငြာစာအရ စားအုန်းဆီကြမ်း၊ ပဲပိစပ်ဆီနှင့် နေကြာဆီအပေါ် သွင်းကုန်ခွန် သုညရာခိုင်နှုန်းမှ ၂၀ ရာခိုင်နှုန်းအထိ တိုးမြှင့်သတ်မှတ်ခဲ့ပြီး၊ သန့်စင်ပြီး စားအုန်းဆီ၊ ပဲပိစပ်ဆီနှင့် နေကြာဆီများတင်သွင်းမှုအပေါ် အကောက်ခွန် ၁၂ ဒသမ ၅ ရာခိုင်နှုန်းမှ ၃၂ ဒသမ ၅ ရာခိုင်နှုန်းအထိ တိုးမြှင့်သတ်မှတ်ခဲ့ကြောင်း သိရသည်။

အစိုးရအနေဖြင့် လယ်သမားများ၏ တိုးတက်မှုအတွက် ကတိပြုထားကြောင်း အိန္ဒိယ စိုက်ပျိုးရေးဝန်ကြီး Shivraj Singh Chouhan က ဆိုရှယ်မီဒီယာမှတစ်ဆင့် ဖော်ပြပြောကြားခဲ့သည်။ ပို့ကုန်ခွန် လျှော့ချခြင်းဖြင့် ကြက်သွန်နီတောင်သူများအား ဈေးကောင်းများ ရရှိစေရန် ကူညီပေးမည်ဖြစ်ပြီး၊ ကြက်သွန်နီတင်ပို့မှုလည်း တိုးတက်လာမည်ဖြစ်ကြောင်း၊ တောင်သူလယ်သမားများနှင့် အခြားကြက်သွန်နီနှင့်ပတ်သက်သည့် ကဏ္ဍများကိုလည်း အကျိုးပြုမည်ဖြစ်ကြောင်း ၎င်းက ပြောကြားခဲ့သည်။

AgriBusiness & Trade

ယခုကဲ့သို့ အကောက်ခွန် လျှော့ချဖြတ်တောက်ခြင်းကြောင့် ကမ္ဘာ့ဈေးကွက်တွင် အိန္ဒိယ ကြက်သွန်နီ၏ ယှဉ်ပြိုင်နိုင်စွမ်းကို အတိုင်းအတာတစ်ခုအထိ ကူညီပံ့ပိုးပေးနိုင်ကြောင်း စိုက်ပျိုးရေး ကုန်စည်များ တင်ပို့ရောင်းချသူများအသင်း ဥက္ကဋ္ဌ M Madan Prakash က ပြောကြားခဲ့သည်။ တူရကီ၊ အီဂျစ်နှင့် ပါကစ္စတန်နိုင်ငံတို့က မလေးရှားနိုင်ငံသို့ ကြက်သွန်နီရောင်းချရန် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၆၀၀ (C&F) ခန့်ဈေးနှုန်းဖြင့် ကမ်းလှမ်းထားကြောင်း၊ အိန္ဒိယမှ ကြက်သွန်နီ ဈေးနှုန်းသည် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၇၀၀ ဝန်းကျင် ဖြစ်နိုင်သည်ဟု ၎င်းက ဆိုသည်။

အိန္ဒိယနိုင်ငံတွင် ယခုနှစ် ဩဂုတ် ၂၉ ရက်အထိ ခါရစ် (မိုး) ရာသီ ကြက်သွန်နီကို ဟက်တာ ၂ ဒသမ ၉၀ သိန်း စိုက်ပျိုးခဲ့ပြီး လွန်ခဲ့သည့် နှစ်ကာလတူက ၁ ဒသမ ၉၄ သိန်း စိုက်ပျိုးခဲ့သည့်အတွက် ပိုမိုတိုးမြင့်လာကြောင်း Crop Watch Weather Group ၏ အချက်အလက်များအရ သိရသည်။ ၂၀၂၄-၂၅ ဘဏ္ဍာနှစ် ဇူလိုင်လ ၃၁ ရက်နေ့အထိ အိန္ဒိယနိုင်ငံမှ ပြည်ပသို့ကြက်သွန်နီ တင်ပို့မှု တန်ချိန် ၂ ဒသမ ၆၀ သိန်းရှိကြောင်းနှင့် ယခင်ဘဏ္ဍာနှစ်က တန်ချိန် ၁၇ ဒသမ ၁၇ သိန်း တင်ပို့ခဲ့ ကြောင်း Economic Times သတင်းဌာနက ယခုလ ၁၃ ရက်က ဖော်ပြထားသည်။

ပြည်ပမှ စားသုံးဆီ တင်သွင်းမှုအတွက် သွင်းကုန်ခွန် စည်းကြပ်မှုအပြင် လယ်ယာအခြေခံ အဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ထပ်ဆောင်းခွန် ၅ ရာခိုင်နှုန်းကို စည်းကြပ်ကောက်ခံ သွားမည်ဟု သိရသည်။ ယင်းသို့ စားသုံးဆီများအပေါ် အကောက်ခွန် တိုးမြှင့်ကောက်ခံခြင်းသည် အိန္ဒိယလယ်သမားများအား လက်ရှိသီးနှံနှစ်အတွက် သတ်မှတ်ထားသော အနိမ့်ဆုံးထောက်ပံ့ရေး ဈေးနှုန်းထက် နှုန်းထားများ ကျဆင်းသွားပြီးနောက် ၎င်းတို့၏ ခါရစ်ရာသီ ဆီထွက်သီးနှံများအတွက် ပိုမိုကောင်းမွန်သော ဈေးနှုန်းများ ရရှိစေရန် ကူညီပေးမည်ဖြစ်ကြောင်း သိရှိရပါသည်။

သို့ပါ၍ အိန္ဒိယနိုင်ငံတွင် ၂၀၂၄ ခုနှစ်၊ မေလက ပို့ကုန်ခွန် ၄၀ ရာခိုင်နှုန်းနှင့် အနိမ့်ဆုံးပို့ ကုန် ဈေးနှုန်း အမေရိကန်ဒေါ်လာ ၅၅၀ သတ်မှတ်ထားသော ကြက်သွန်နီကို ပို့ကုန်ခွန် ၂၀ ရာခိုင်နှုန်းသို့ လျှော့ချသတ်မှတ်ကာ အနိမ့်ဆုံးပို့ ကုန်ဈေးနှုန်းသတ်မှတ်ချက်အား ဖယ်ရှားပေးခဲ့ကြောင်း သိရှိရပါ သည်။ တစ်ဖက်တွင် ပြည်ပမှ စားသုံးဆီများတင်သွင်းမှုအပေါ် အကောက်ခွန် ၂၀ ရာခိုင်နှုန်းအထိ တိုးမြှင့်ကောက်ခံခဲ့သည်ကို ကြည့်ခြင်းအားဖြင့် အစိုးရအနေဖြင့် ကြက်သွန်နီတောင်သူများ၏ အကျိုးစီးပွားနှင့် ပြည်တွင်းဆီထွက်သီးနှံကဏ္ဍ တိုးမြှင့်လာစေရေးအတွက် မူဝါဒပိုင်းမှ ကူညီ ထောက်ပံ့ပေးလျက်ရှိကြောင်း သုံးသပ်ရရှိပါသည်။

ကောင်းထွဋ်အောင်၊ စီးပွားရေးသံမှူး
ကော်လ်ကတ္တား

ရည်ညွှန်း။ The Hindu Businessline: Centre cuts onion export duty to 20%, raises Customs levy on crude and refined edible oils, September 14, 2024

……………………………………………………………………………………………………

Agribusiness & Trade

## အိန္ဒိယသည် ပြည်တွင်း ဈေးကွက်ဖူလုံမှုရှိစေရန်နှင့် အီသနော ထုတ်လုပ်မှုမြှင့်တင်ရန်အတွက် သကြားတင်ပို့မှု တားမြစ်ချက်ကို သက်တမ်းတိုးနိုင်

သကြားအများဆုံးသုံးစွဲသူနိုင်ငံဖြစ်သော အိန္ဒိယနိုင်ငံသည် ကြံအထွက်နှုန်းကျဆင်းနိုင်သည့် အလားအလာများနှင့်ရင်ဆိုင်နေရသဖြင့် သကြားတင်ပို့မှုတားမြစ်ချက်ကို ဆက်လက်သက်တမ်းတိုး ရန် စီစဉ်နေသည်ဟု အစိုးရအရင်းအမြစ်များက ပြောကြားထားကြောင်း သိရှိရသည်။ အိန္ဒိယသည် ဇီဝလောင်စာဆီထောက်ပံ့မှုမြှင့်တင်ရန် ကြိုးပမ်းမှုတစ်စိတ်တစ်ပိုင်းအဖြစ် ရေနံကုမ္ပဏီများမှ အီသနောဝယ်ယူသည့် ဈေးနှုန်းကို မြှင့်တင်ရန်စီစဉ်နေကြောင်းလည်း အမည်မဖော်လိုသူ ပုဂ္ဂိုလ်တစ်ဦး က ပြောကြားထားသည်။

ကမ္ဘာ့ဈေးကွက်တွင် အိန္ဒိယနိုင်ငံမှ သကြားရောင်းချမှုမရှိလျှင် ကမ္ဘာ့သကြားဈေးကွက်မှာ အခက်အခဲများကြုံတွေ့ရနိုင်ကြောင်းနှင့် နယူးယောက်နှင့် လန်ဒန်တို့ရှိ စံသတ်မှတ်ဈေးနှုန်းများ မြင့်တက်လာနိုင်ကြောင်းလည်း သိရှိရသည်။

တောင်အမေရိကနိုင်ငံ၌ မိုးခေါင်မှုကြောင့် ကမ္ဘာ့တွင်သကြားအများဆုံး ထုတ်လုပ်သူ ဘရာဇီး မှ သကြားတင်ပို့ရောင်းချမှုများကျဆင်းနိုင်သည်ဟု ခန့်မှန်းနေသည့်ကာလတွင် အိန္ဒိယသည် သကြားတင်ပို့မှုကို တားမြစ်ရန် စီစဉ်နေခြင်းဖြစ်သည်။

လက်ရှိကြံစိုက်ပျိုးထားရှိမှုအခြေအနေရ သကြားတင်ပို့နိုင်သည့် အလားအလာမရှိကြောင်း၊ ပြည်တွင်းသကြားလိုအပ်ချက်ကို ဖြည့်ဆည်းပြီးနောက် အစိုးရ၏နောက်ထပ်ဦးစားပေးမှာ အီသနော ရောစပ်ခြင်းဖြစ်ပြီး အီသနောရောစပ်ခြင်း ရည်မှန်းချက်များပြည့်မီရန် ကြံများစွာလိုအပ်ကြောင်း အစိုးရသတင်းရင်းမြစ်တစ်ခုက ပြောကြားထားသည်။

အိန္ဒိယသည် ကာဗွန်ဓာတ်ငွေ့ထုတ်လွှတ်မှုကို တားဆီးရန် ယခုအခါ ဓာတ်ဆီတွင် အီသနော ၏ပါဝင်မှုကို ယခုကာလတွင် ၁၃ ရာခိုင်နှုန်းနှင့် ၁၄ ရာခိုင်နှုန်းကြားသာ သတ်မှတ်ထားသော်လည်း ၂၀၂၅ -၂၀၂၆ ခုနှစ်တွင် ၂၀ ရာခိုင်နှုန်းသို့ တိုးမြှင့်ရန် ရည်မှန်းထားကြောင်း သိရှိရသည်။

အိန္ဒိယသကြားစက်များဖြစ်သည့် E.I.D.-Parry၊ Balrampur Chini Mills၊ Shree Renuka၊ Bajaj Hindusthan နှင့် Dwarikesh Sugar တို့သည် ပြီးခဲ့သောနှစ်အနည်းငယ်အတွင်း ၎င်းတို့၏ အီသနောထုတ်လုပ်နိုင်မှု စွမ်းရည်ကို မြှင့်တင်ခဲ့ကြကြောင်း သိရသည်။

Agribusiness & Trade

အစိုးရက နိုဝင်ဘာလတွင်စတင်သည့် ဈေးကွက်ရာဖွေရေး ရာသီသစ်အတွက် အီသနော ဝယ်ယူရေးဈေးနှုန်းကို ၅ ရာခိုင်နှုန်းကျော် တိုးမြှင့်ရန်လည်း စဉ်းစားနေကြောင်း သတင်းရင်းမြစ်များအရ သိရှိရသည်။

အိန္ဒိယအစိုးရက သကြားစက်များကို နိုဝင်ဘာလတွင် အီသနောထုတ်လုပ်ရန်အတွက် ကြံရည် (သို့မဟုတ်) ဖျော်ရည်များကို အသုံးပြုခွင့်ပြုမည်ဟု ပြီးခဲ့သည့်လနှောင်းပိုင်းတွင် အမိန့်ထုတ်ပြန်ထားကြောင်းနှင့် ယခုအခါ အိန္ဒိယ၏သကြားတင်ပို့မှုတားမြစ်ချက်ကို သက်တမ်းတိုးရန် နှင့် ပြည်တွင်းအီသနောဈေးနှုန်းမြှင့်တင်ရန် အစီအစဉ်များကို ယခုလနှောင်းပိုင်းတွင် ထုတ်ပြန်ဖွယ်ရှိကြောင်း သတင်းများ ထွက်ပေါ်လျှက်ရှိသည်။

ဘရာဇီးပြီးလျှင် ကမ္ဘာ့အကြီးဆုံးသကြားထုတ်လုပ်သည့် အိန္ဒိယနိုင်ငံသည် ၂၀၂၃ ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့တွင် သကြားတင်ပို့မှုကိုတားမြစ်ခဲ့ပြီး ယင်းသည် (၇) နှစ်အတွင်း ပထမဆုံးအကြိမ် သကြားတင်ပို့မှု ကန့်သတ်ချက်ဖြစ်ကြောင်း၊ အိန္ဒိယသည် ပြီးခဲ့သည့်ရာသီအတွင်း သကြားမက်ထရစ်တန်ချိန် ၆.၁ သန်းသာတင်ပို့နိုင်ခဲ့ပြီး ၂၀၂၁-၂၂ တွင် နိုင်ငံ၏ စုစုပေါင်းတင်ပို့မှု၏ ထက်ဝက်နီးပါးကိုသာ ခွင့်ပြုခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။

Maharashtra ပြည်နယ်နှင့် Karnataka ပြည်နယ်များတွင် ယမန်နှစ်က မိုးသည်းထန်စွာရွာသွန်းမှု၏ဆိုးရွားသောသက်ရောက်မှုကြောင့် ယခုနှစ်တွင် မက်ထရစ်တန်ချိန် ၃၄ သန်း ထွက်ရှိခဲ့ရာမှ လာမည့် ၂၀၂၄-၂၀၂၅ ရာသီအတွင်း သကြားအထွက်နှုန်းသည် မက်ထရစ်တန် ၃၂ သန်း အထိ ကျဆင်းသွားဖွယ်ရှိကြောင်း သတင်းရင်းမြစ်များက ပြောကြားထားသည်။

ဘရာဇီးလ်၏ သကြားထုတ်လုပ်မှုမှာ ဆင်းမည်ဟုခန့်မှန်းထားသောကြောင့် ၂၀၂၅ ခုနှစ် တွင် အိန္ဒိယ၏ သကြားတင်ပို့မှုမှာ လိုအပ်လာမည်ဖြစ်ကြောင်း၊ အိန္ဒိယ၏ သကြားတင်ပို့မှု မရှိပါ က ကမ္ဘာ့သကြားဈေးနှုန်းများ ပိုမိုမြင့်တက်လာမည်ဖြစ်ကြောင်း မွန်ဘိုင်းအခြေစိုက်ကုန်သည် တစ်ဦးက ပြောကြားထားသည်။

မျိုးမြင့်မောင်၊ စီးပွားရေးသံမှူး
နယူးဒေလီမြို့
Source: India to extend sugar export ban to boost local supplies, ethanol output, The Economic Times, 6 September 2024.

…………………………………………………………………………………………..

Agribusiness & Trade

## အိန္ဒိယသည် ဘာစမာတီဆန်အတွက် အနိမ့်ဆုံးပို့ကုန်တန်ဖိုးသတ်မှတ်ချက်အား ဖယ်ရှားလိုက်သောကြောင့် ပို့ကုန်သမားများအတွက် ဝယ်လိုအားတိုးလာ

ဘာစမာတီဆန် တစ်တန်လျှင် အနိမ့်ဆုံး ပို့ကုန်သတ်မှတ်စျေးနှုန်း (MEP) အမေရိကန်ဒေါ်လာ ၉၅၀ ကို အိန္ဒိယအစိုးရက ဖယ်ရှားလိုက်သောကြောင့် ပို့ကုန်လုပ်ငန်းရှင်များသည် ကမ္ဘာတစ်ဝှမ်းရှိ ဝယ်သူများထံသို့ စုံစမ်းမှုများ စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း သိရှိရသည်။

ကမ္ဘာလုံးဆိုင်ရာ အမှာစာနည်းပါးခြင်းကြောင့် ဆက်တိုက်ကျဆင်းနေသည့် ဘာစမာတီဆန်စျေးနှုန်း တည်ငြိမ်စေရန် အစိုးရ၏ဆုံးဖြတ်ချက်က အထောက်အကူဖြစ်စေမည်ဟု ဘာစမာတီဆန်တင်ပို့သူများက ပြောကြားထားပြီး ဘာစမာတီဆန်စျေးနှုန်းများသည် လက်ကားစျေးကွက်၌ ကနဦးတွင်တစ်ကီလိုလျှင် ၅၅ ရူပီးမှ ၆၅ ရူပီးအထိ မြင့်တက်လာဖွယ်ရှိသည်ဟု ခန့်မှန်းထားကြောင်း သိရှိရသည်။ ၂၀၂၄ ဘဏ္ဍာနှစ်တွင် အိန္ဒိယသည် ဘာစမာတီဆန် တန်ချိန် ၅.၂၄ သန်း၊ တန်ဖိုးကန်ဒေါ်လာ ၅.၈၃ ဘီလီယံ စံချိန်တင် တင်ပို့ခဲ့သည်။

အိန္ဒိယနိုင်ငံလုံးဆိုင်ရာ ဆန်တင်ပို့ရောင်းချသူများ အသင်း (All India Rice Exporters Association - AIREA) ၏ ဥက္ကဋ္ဌဟောင်းနှင့် Chamanlal Setia Exports ကုမ္ပဏီ၏ မန်နေဂျင်းဒါရိုက်တာဖြစ်သူ Vijay Setia က "ဆန်တင်ပို့သူများသည် ဘာစမာတီဆန်အတွက် စုံစမ်းမေးမြန်းမှုတွေ စတင်နေပြီဖြစ်ကြောင်း၊ အစိုးရ၏ လုပ်ဆောင်ချက်သည် စျေးကွက်တွင် ဘာစမာတီဆန်စျေးနှုန်းကို တည်ငြိမ်အောင် ကူညီပေးနိုင်မည်ဖြစ်ကြောင်း ပြောကြားထားသည်။

ဘာစမာတီဆန် တစ်တန်လျှင် ကန်ဒေါ်လာ ၉၅၀ သတ်မှတ်ထားသော MEP ကြောင့် ဝယ်သူတင်သွင်းသူ အများအပြားသည် အိန္ဒိယပေါက်စျေးထက်နိမ့်သော ဘာစမာတီဆန်ကို ပါကစ္စတန်စျေးကွက်မှ ပြောင်းရွှေ့ဝယ်ယူခဲ့ကြသည်။

RiceVilla ၏ စီအီးအိုဖြစ်သူ Suraj Agarwal က ကာလတိုတွင် ဘာစမာတီဆန်၏ စျေးနှုန်းသည် နည်းနည်းတက်သွားနိုင်သော်လည်း ရေရှည်တွင် ပြန်လည်ကျဆင်းလာနိုင်ကြောင်း၊ ယခုနှစ်တွင် အိန္ဒိယနိုင်ငံ၏ ဘာစမာတီဆန်ထွက်ရှိမှုမှာ ၂၅ ရာခိုင်နှုန်း ပိုမိုထွက်ရှိလာနိုင်ကြောင်းနှင့် အိန္ဒိယနှင့် နိုင်ငံတကာစျေးကွက်တွင် ပြီးခဲ့သည့်နှစ်လက်ကျန်မှာလည်း များစွာရှိနေသေးကြောင်း ပြောကြားထားသည်။

Agribusiness & Trade

ပထဝီဆိုင်ရာအညွှန်းအမှတ်အသားပါသော ဘာစမာတီဆန်ကို ပန်ဂျတ်၊ ဟာရီနာ၊ အနောက် ဥတ္တာပရာဒေ့ရှ်၊ ဂျမူး - ကတ်ရှ်မီးယားနှင့် ဥတ္တာရခန်တို့ရှိ ခရိုင် ၇၀ တွင် စိုက်ပျိုးကြသည်။ အနံ့အရသာ ကောင်းမွန်သော ကောက်နှံရှည်ဆန်များသည် ကမ္ဘာ့ဈေးကွက်များတွင် ပရီမီယံဆန်ပြီး အိန္ဒိယ၏ ဘာစမာတီဆန်သည် ကမ္ဘာ့ဆန်မွှေးဈေးကွက်တွင် ၈၀ ရာခိုင်နှုန်း ဝေစုရှိပြီး ပါကစ္စတန်သည် ဘာ စမာတီဆန်တင်ပို့မှုတွင် ဝေစု ၂၀ ရာခိုင်နှုန်း ခန့်ရှိကြောင်း သိရှိရသည်။

မျိုးမြင့်မောင်၊ စီးပွားရေးသံမှူး

နယူးဒေလီမြို့

Source : Exporters see increased demand as India removes basmati rice MEP, The Economic Times, 14 September, 2024.

## ရုရှားသည် အိန္ဒိယမှ ကော်ဖီ၊ လက်ဖက်ခြောက်နှင့် ဟင်းခတ်အမွှေးအကြိုင်များ တင်သွင်းမှု သုံးပုံတစ်ပုံတိုးလာ

ရုရှားနိုင်ငံသည် ၂၀၂၄ ခုနှစ် ပထမခြောက်လအတွင်း(ဇန်နဝါရီလမှ ဇွန်လအထိ) အိန္ဒိယ နိုင်ငံမှ ကော်ဖီ၊ လက်ဖက်ခြောက်နှင့် ဟင်းခတ်အမွှေးအကြိုင်များ တင်သွင်းမှု သုံးပုံတစ်ပုံ တိုးလာခဲ့ပြီး ကော်ဖီကို သိသိသာသာ ပိုမိုတင်သွင်းခဲ့ကြောင်း သိရှိရသည်။

အစီရင်ခံကာလအတွင်း ရုရှားသည် အိန္ဒိယမှ ကော်ဖီ၊ လက်ဖက်ခြောက်နှင့် ဟင်းခတ်အမွှေး အကြိုင်များကို အမေရိကန်ဒေါ်လာ ၆၂.၈ သန်းခန့် တင်သွင်းခဲ့ပြီး ယင်းသည် ၂၀၂၃ ခုနှစ် အလားတူ ကာလထက် သုံးပုံတစ်ပုံနီးပါး ပိုများခဲ့သည်။ ၂၀၂၄ ခုနှစ် ဇွန်လအတွက် တင်သွင်းမှုပမာဏသည် အမေရိကန်ဒေါ်လာ ၁၂.၃ သန်း ရှိပြီး ယခင်နှစ် ဇွန်လထက် ၃၂ ရာခိုင်နှုန်း ပိုများခဲ့သည်။

၂၀၂၄ ခုနှစ် ပထမခြောက်လအတွင်း ရုရှားသည် အိန္ဒိယမှ ကော်ဖီတင်သွင်းမှု ဒေါ်လာ ၁၂ သန်းအထိ ၂ ဆတိုးတက်ခဲ့သည်။ လက်ဖက်ခြောက်တင်သွင်းမှုသည် ဒေါ်လာ ၄၃ သန်းရှိကာ ၂၀.၅ ရာခိုင်နှုန်း တိုးလာခဲ့သည်။ ဂျင်း၊ နနွင်း၊ စမုန်နက်စေ့၊ ငရုပ်ကောင်း၊ သစ်ကြံပိုးခေါက် စသည့် ဟင်း ခတ်အမွှေးအကြိုင်များ တင်သွင်းမှုသည် ဒေါ်လာ ၈ သန်းခန့် ရှိသည်။ အိန္ဒိယ၏ ကော်ဖီ၊ လက်ဖက် ခြောက်နှင့် ဟင်းခတ်အမွှေးအကြိုင်များ ဝယ်ယူတင်သွင်းသည့်နိုင်ငံများအနက် ရုရှားသည် ၁၁ နေ ရာ၌ တည်ရှိပြီး အများဆုံးတင်သွင်းသည့် နိုင်ငံသည် တရုတ်ဖြစ်သည်။

၂၀၂၃ ခုနှစ်တွင် ရုရှားနိုင်ငံသည် ကမ္ဘာ့နိုင်ငံအသီးသီးမှ ကော်ဖီပမာဏတန်ချိန် ၁၀၁,၈၂၄ တင်သွင်းခဲ့ပြီး အဓိကတင်သွင်းသောနိုင်ငံများမှ ဘရာဇီး၊ အင်ဒိုနီးရှား၊ နယ်သာလန်၊ အီတလီနှင့် အက်စ်တိုးနီးယားစသည့်နိုင်ငံများဖြစ်ပါသည်။ ရုရှား၏ လက်ဖက်ခြောက်တင်သွင်းမှု ပမာဏတန်ချိန်မှာ ၉၆,၁၉၂ ဖြစ်ပြီး အဓိက တင်သွင်းသောနိုင်ငံများမှ အိန္ဒိယ၊ သီရိလင်္ကာ၊ တရုတ်၊ ကင်ညာနှင့် အင်ဒိုနီးရှား စသည့်နိုင်ငံတို့ဖြစ်ပါသည်။

အနောက်နိုင်ငံများ၏ ပိတ်ဆို့အရေးယူမှုများကြောင့် ရုရှားနိုင်ငံသည် ၎င်း၏ ကုန်သွယ်ရေးလုပ်ငန်းများကို အာရှ-ပစိဖိတ်နိုင်ငံများဘက်သို့ ဦးတည်ပြောင်းလဲမှုများ ပြုလုပ်လျက်ရှိသဖြင့် မြန်မာနိုင်ငံအနေဖြင့် ရုရှားနိုင်ငံသို့ ကော်ဖီနှင့် လက်ဖက်ခြောက်ထုတ်ကုန်များ တင်ပို့နိုင်မည့် အလားအလာကောင်းများ ရှိနေပါကြောင်း သုံးသပ်ရပါသည်။

ခွန်မျိုးသူ၊ စီးပွားရေးသံမှူး
မော်စကို

Source :      https://ria.ru/20240901/import-1969814158.html

.................................................................................................................

**အိန္ဒိယသည် မလေးရှားနှင့် ကုန်သွယ်မှုလိုငွေပြနေသဖြင့်**
**နှစ်နိုင်ငံကုန်သွယ်ရေး သဘောတူညီချက်ကို ပြန်လည်သုံးသပ်မည်**

အိန္ဒိယသည် မလေးရှားနိုင်ငံနှင့် ကုန်သွယ်မှုလိုငွေ မြင့်တက်နေသဖြင့် နှစ်နိုင်ငံအကြား ကုန်သွယ်ရေးသဘောတူညီချက်ကို ပြန်လည်သုံးသပ်သွားမည်ဖြစ်ကြောင်းနှင့် ၎င်းသဘောတူညီချက်အောက်ရှိ ပင်ရင်းဒေသစည်းမျဉ်းများကို ပြန်လည်စိစစ်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

အိန္ဒိယ-မလေးရှား ဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု သဘောတူညီချက်ကို ၂၀၁၁ ခုနှစ်တွင် ချုပ်ဆိုခဲ့ပြီး ယင်းအချိန်၌ ကုန်သွယ်မှုလိုငွေမှာ ဒေါ်လာ ၂.၆ ဘီလီယံသာ ရှိခဲ့ရာမှ ယခု ၂၀၂၄ ဘဏ္ဍာနှစ်တွင် ဒေါ်လာ ၅.၅ ဘီလီယံအထိ နှစ်ဆတိုးလာခဲ့ကြောင်းနှင့် မလေးရှားသို့ ကုန်စည်တင်ပို့ရာတွင် အိန္ဒိယလုပ်ငန်းရှင်များရင်ဆိုင်နေရသော အကောက်ခွန်မဲ့ အတားအဆီးများစာရင်းကိုလည်း ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ပြုစုလျက်ရှိသည်ဟု အရာရှိတစ်ဦးက ပြောကြားထားကြောင်း သိရှိရသည်။

မလေးရှားနိုင်ငံသို့ အိန္ဒိယ၏ အဓိကပို့ကုန်ပစ္စည်းများမှာ ရေနံထွက်ပစ္စည်း၊ အလူမီနီယမ်ထုတ်ကုန်များ၊ ကျွဲသား၊ အော်ဂဲနစ်ဓာတုပစ္စည်းများ၊ လျှပ်စစ်စက်ပစ္စည်းများနှင့် စက်ကိရိယာများ

ဖြစ်ပြီး အဓိကတင်သွင်းသည့် ပစ္စည်းများမှာ ဟင်းသီးဟင်းရွက်ဆီများ၊ လျှပ်စစ်ပစ္စည်းနှင့် စက်ကိရိယာများ၊ ရေနံထွက်ပစ္စည်းများ၊ နျူကလီးယားဓာတ်ပေါင်းဖိုများ၊ ဘွိုင်လာများ၊ စက်ယန္တရားများနှင့် စက်ပစ္စည်းများ၊ ဓာတုပစ္စည်းများဖြစ်ကြောင်း၊ အစိုးရအနေဖြင့် ကုန်သွယ်မှုလိုငွေကို သက်ရောက်မှုရှိနိုင်သော ပင်ရင်းနိုင်ငံထုတ်ကုန်စည်းမျဉ်းများနှင့် အပင်ပိုးမွှားတိရစ္ဆာန် ကင်းရှင်းရေးဆိုင်ရာစံနှုန်းများနှင့် နည်းပညာဆိုင်ရာ အတားအဆီးများကဲ့သို့သော အကောက်ခွန်မဟုတ်သည့် ကုန်သွယ်မှုဆိုင်ရာအတားများ စသည်တို့တွင် အခက်အခဲများရှိ/မရှိကို ကုန်စည်တင်ပို့သူများနှင့် ဆွေးနွေးသွားမည်ဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားထားသည်။

အိန္ဒိယ-မလေးရှား ဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု သဘောတူညီချက်သည် ကုန်စည်နှင့်ဝန်ဆောင်မှုများ၊ ရင်းနှီးမြှုပ်နှံမှုများနှင့် ကျွမ်းကျင်ပညာရှင်များ၏ ရွှေ့ပြောင်းသွားလာခြင်းတို့ကို လွှမ်းခြုံထားသည့် အလုံးစုံသဘောတူညီချက်ဖြစ်သည်။

အိန္ဒိယအစိုးရသည် ယခုသုံးသပ်မှုကို ကမ္ဘာလုံးဆိုင်ရာတန်ဖိုးကွင်းဆက်များတွင် ပိုမိုမြင့်မားသောဈေးကွက်ရှယ်ယာများကိုရှာဖွေနိုင်သည့် ပင်ရင်းနိုင်ငံစည်းမျဉ်းများကို ဆွေးနွေးနိုင်ရန်အတွက် ကုန်သွယ်မှုနှင့် စက်မှုလုပ်ငန်းကဏ္ဍများနှင့် ကျယ်ကျယ်ပြန့်ပြန့်ဆွေးနွေးနိုင်ရန် ရည်ရွယ်ခြင်းဖြစ်ကြောင်း၊ ပင်ရင်းနိုင်ငံစည်းမျဉ်းသည် ပင်ရင်းထုတ်လုပ်သည့်နိုင်ငံမှန်ကန်မှုရှိစေရန် စိစစ်သည့် လုပ်ထုံးလုပ်နည်းဖြစ်ပြီး အခွန်သက်သာခွင့်များရရှိနိုင်သည့် စနစ်တစ်ခုဖြစ်ကြောင်း၊ ယခု သုံးသပ်ချက်သည် ကုန်သွယ်မှုကို ဟန်ချက်ညီစေမည့်အပြင် ထုတ်ကုန်အသစ်များအား ဖော်ထုတ်နိုင်ရန်နှင့် ရေနံဓာတုဗေဒ၊ ပလတ်စတစ်နှင့် ဆေးဝါးကဏ္ဍများရှိ အခက်အခဲများကို ဖြေရှင်းနိုင်မည်ဖြစ်ကြောင်း စက်မှုလုပ်ငန်းကိုယ်စားလှယ်တစ်ဦးက ပြောကြားထားသည်။

အိန္ဒိယ-မလေးရှား ဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု သဘောတူညီချက်သည် အိန္ဒိယ - အာဆီယံ လွတ်လပ်သောကုန်သွယ်မှုသဘောတူညီချက်တွင် ပါဝင်သော အကောက်ခွန်နှုန်းထားလျှော့ချမှုထက် နှစ်နိုင်ငံစလုံးက အကောက်ခွန်နှုန်းများပိုမိုလျှော့ချရန် ကမ်းလှမ်းထားသောကြောင့် ယခု ပြန်လည်သုံးသပ်မှုသည် အရေးကြီးကြောင်း သိရှိရသည်။

အဓိကတင်သွင်းသောပစ္စည်းများတွင် စားအုန်းဆီ၊ ရေနံနှင့် ကွန်ပျူတာအပါအဝင်အီလက်ထရွန်နစ်ပစ္စည်းများနှင့် အိန္ဒိယအတွက် လိုအပ်သည့် အဓိကကုန်ပစ္စည်းများ ပါဝင်ကြောင်း၊ FTA သုံးသပ်ချက်အရ ယင်းသွင်းကုန် အများစုကိုလျှော့ချမည်ဆိုပါက ကုန်သွယ်မှုကို အထောက်အကူဖြစ်စေမည် မဟုတ်ကြောင်း ကုန်သွယ်ရေးဆိုင်ရာ ကျွမ်းကျင်သူတစ်ဦးက ပြောကြားထားသည်။

မျိုးမြင့်မောင်၊ စီးပွားရေးသံမှူး
နယူးဒေလီမြို့

Source: India set to review trade pact with Malaysia as deficit grows, The Economic Times, 7 September 2024.

# ငွေကြေးဖောင်းပွမှုဆိုင်ရာ စိုးရိမ်မှုများရှိသော်လည်း အိန္ဒိယ၏စီးပွားရေးသည် ၇.၅% တိုးတက်မည်ဟု ဗဟိုဘဏ်ဥက္ကဋ္ဌ ခန့်မှန်း

အိန္ဒိယ၏စီးပွားရေးသည် ၇.၅% သို့မဟုတ် ထိုထက်ပိုသောနှုန်းဖြင့်ကြီးထွားရန် အလားအလာရှိကြောင်း ဗဟိုဘဏ် (RBI) ဥက္ကဋ္ဌဖြစ်သူ Shaktikanta Das မှပြောကြားခဲ့ကြောင်းနှင့် ယင်းခန့်မှန်းချက်သည် လက်ရှိဘဏ္ဍာရေးနှစ်အတွက် ဗဟိုဘဏ်၏ လက်ရှိခန့်မှန်းချက် ၇.၂ % ကို ကျော်လွန်နေကြောင်း၊ ယင်းတိုးတက်မှုအလားအလာ ခန့်မှန်းချက်သည် ငွေကြေးဖောင်းပွမှု မဖြစ်စေဘဲရေရှည်တွင် ကြီးထွားနိုင်သည့်စီးပွားရေးတစ်ခု၏ အမြင့်ဆုံးနှုန်းကို ထင်ဟပ်စေခြင်းဖြစ်ကြောင်း စင်္ကာပူတွင်ကျင်းပသည့် Bretton Woods Committee ၏ နှစ်စဉ်ကျင်းပမြဲဖြစ်သည့် အနာဂတ်ဘဏ္ဍာရေးဖိုရမ်တွင် Das က ပြောကြားခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။

နိုင်ငံလုံးဆိုင်ရာ ရွေးကောက်ပွဲများအတွင်း အစိုးရအသုံးစရိတ်ကို လျှော့ချရန်အတွက် ပထမသုံးလပတ်တွင် တိုးတက်မှုနှေးကွေးသွားနိုင်သော်လည်း RBI သည် ယခုနှစ်ကုန်တွင် စီးပွားရေးတိုးတက်မှုကို ၇.၂% ထိရှိမည်ဟု မျှော်မှန်းထားကြောင်း အုပ်ချုပ်ရေးမှူး Das က အထက်ပါ အစည်းအဝေးတွင် ပြောကြားခဲ့သည်။ ၎င်း၏မိန့်ခွန်းတွင် ဗဟိုဘဏ်အချို့သည် စီးပွားရေးကျဆင်းမှုစိုးရိမ်မှုများကြောင့် အတိုးနှုန်းဖြတ်တောက်မှုလမ်းကြောင်းကို စတင်လျှောက်လှမ်းနေကြသော်လည်း အများစုမှာ၎င်းတို့၏ရပ်တည်ချက်များကို ဆက်လက်ထိန်းသိမ်းထားပြီး ငွေကြေးဖောင်းပွမှုကို လျှော့ချနိုင်ရန် ကြိုးပမ်းဆောင်ရွက်နေကြောင်း ပြောကြားထားသည်။

Das က ငွေကြေးဖောင်းပွမှုအား ဖြည်းဖြည်းချင်းလျှော့ချရန် မျှော်မှန်းထားပြီး ၎င်းသည် ၂၀၂၃-၂၄ ခုနှစ်တွင် ၅.၄% မှ ၂၀၂၄-၂၅ ခုနှစ်တွင် ၄.၅% နှင့် ၂၀၂၅-၂၆ ခုနှစ်တွင် ၄.၁ % သို့ လျှော့ချနိုင်ရန် မျှော်လင့်ထားကြောင်း၊ ငွေကြေးဖောင်းပွမှုသည် ၂၀၂၂ ခုနှစ် ဧပြီလတွင် အမြင့်ဆုံး ၇.၈ % ကို ရောက်ရှိခဲ့ကြောင်းနှင့် ငွေကြေးဖောင်းပွမှုနှုန်းထားကို ၄ % ပတ်ဝန်းကျင်တွင်ရှိရန် ရည်မှန်းဆောင်ရွက်လျက်ရှိကြောင်းနှင့် ကမ္ဘာ့ငွေကြေးဖောင်းပွမှုကျဆင်းရေးမှာလည်း နှေးကွေးနေပြီး ငွေကြေးမူဝါဒကို ဖြေလျှော့ရာတွင်သတိထားရန်လိုအပ်ကြောင်း၊ ထို့ပြင် အစိုးရများသည် ထောက်ပံ့ရေးဘက်ဆိုင်ရာအစီအမံများကို အကောင်အထည်ဖော်ရန် လိုအပ်နေချိန်တွင် ဗဟိုဘဏ်များသည် ငွေကြေးမူဝါဒကို သတိရှိရှိစီမံခန့်ခွဲရန်လိုအပ်သည်ဟု ၎င်းက အလေးထားပြောကြားခဲ့ကြောင်း သိရသည်။

မျိုးမြင့်မောင်၊ စီးပွားရေးသံမှူး
နယူးဒေလီမြို့

Source: RBI Governor projects India's economy to grow at 7.5% amid inflation concerns, The Economic Times, 14 September 2024.

# ရုရှားနိုင်ငံ၏ GDP တိုးတက်မှုသည် ၂၀၂၄ ခုနှစ်တွင် ၃.၉ ရာခိုင်နှုန်းရှိမည်ဟု ရုရှားဘဏ္ဍာရေးဝန်ကြီး ပြောကြား

ရုရှားနိုင်ငံ၏ ပြည်တွင်းအသားတင်ထုတ်လုပ်မှုတန်ဖိုး(GDP)သည် ၂၀၂၄ ခုနှစ်တွင် ၃.၉ ရာခိုင်နှုန်းရှိမည်ဟု ခန့်မှန်းထားပြီး ၎င်းသည် စစ်ရေးကုန်ကျစရိတ်အပါအဝင် ဘဏ္ဍာရေးဆိုင်ရာ တာဝန်များကို ဖြည့်ဆည်းပေးနိုင်လိမ့်မည်ဟု ရုရှားဘဏ္ဍာရေးဝန်ကြီး Mr. Anton Siluanov က ပြောကြားခဲ့သည်။

ရုရှားနိုင်ငံ၏ GDP တိုးတက်မှုနှုန်းသည် ယခုနှစ်အတွက် ၂.၈ ရာခိုင်နှုန်းရှိမည်ဟု ရုရှားဘဏ္ဍာရေးဝန်ကြီးဌာနမှ ယခင်က ခန့်မှန်းခဲ့ရာမှ ယခုအခါ ၃.၉ ရာခိုင်နှုန်းသို့ တိုးတက်မည်ဟု ပြင်ဆင်ခန့်မှန်းခဲ့ခြင်းဖြစ်ပါသည်။ ရုရှားဗဟိုဘဏ်မှလည်း ယင်းခန့်မှန်းချက်ကို ၃.၅ - ၄ ရာခိုင်နှုန်း အဆင့်တွင် ရှိမည်ဟု အတည်ပြုထားပါသည်။

အစောပိုင်းတွင် ရုရှားသမ္မတဗလာဒီမာပူတင်က ရုရှားစီးပွားရေးသည် ပထမခြောက်လအတွက် GDP ၄.၆ ရာခိုင်နှုန်း တိုးလာသဖြင့် နိုင်ငံ၏စီးပွားရေးအခြေအနေသည် ဆက်လက်ကြီးထွားလာသည်ဟု ပြောကြားခဲ့သည် ။

၂၀၂၃ ခုနှစ်တွင် ရုရှားနိုင်ငံ၏ GDP တိုးတက်မှုနှုန်းသည် ၃.၆ ရာခိုင်နှုန်း ရှိခဲ့ကြောင်း သိရှိရပါသည်။

ထို့ကြောင့် ရုရှားအာဏာပိုင်များသည် ပျမ်းမျှအားဖြင့် ၂၀၂၄ ခုနှစ်အတွက် စီးပွားရေးတိုးတက်မှုနှုန်းမှာ ၃.၉ ရာခိုင်နှုန်းရှိမည်ဟု ခန့်မှန်းထားပြီး အဆိုပါတိုးတက်မှုနှုန်းသည် ရုရှားနိုင်ငံအပေါ် ပိတ်ဆို့အရေးယူမှုများချမှတ်ထားသည့် G7 နိုင်ငံများ၏ GDP ပျမ်းမျှတိုးတက်မှု နှုန်းထက် ၄ ဆနီးပါး ပိုများမည်ဖြစ်ကြောင်း သုံးသပ်ထားပါသည်။

ခွန်မျိုးသူ၊ စီးပွားရေးသံမှူး
မော်စကို

Source : https://russian.rt.com/business/news/1361752-siluanov-prognoz-rost-vvp

……………………………………………………………………………………………